ထောင်မှူးကျေးရွာ
သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထောင်မှူးကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ထောင်မှူးကျေးရွာ ကျေးရွာသယံဇာတပြန်လည်ပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ


ထောင်မှူးကျေးရွာ

သထုံမြို့နယ်

ထောင်မှူးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




ထောင်မှူးကျေးရွာ ရာသီခွင်ပြပကွဒိန်၊ သထုံမြို့နယ်



အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဆာသလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	စပါးရိတ်/ရာသီဖြစ်	မြို့ဖြစ်	စစ်ဆိုင်	စပါး ဆိုင်	မြေပြုရာပေး	မြေပြုရာပေး	ရာသီဖြစ် ဖယင်းဝါး မီးခိုး	ဆီးနှင်း ရာသီဖြစ် မယဝစ်ဆီး ပျိုးခြင်	စပါးနှံပြည့် ရာသီဖြစ်	ရာသီဖြစ် နွေဆီး ဆိုင်	မိုးပေး၊လေ့ ရွှေဆီး၊မြေခြောက် ကြံ၊ရာသီဖြစ်	မြေဆီး၊ဆိုင် လယ်ခင်းခြေခြ
သောက်သုံးရေ	ရေရှား	ရေရှား	ရေများ	ရေများ	ရေများ	ရေများ	ရေများ	ရေများ	ရေများ	ရေများ	ရေများ	ရေ ရှား
ဆိုင်ကယ်ပျို:ရေ	ဆည်ဝိရေ (ချဲ့လောက်)	မို:ရေ (ချဲ့လောက်)	မို: ရေ	မို: ရေ	မို: ရေ	မို:ရေ	မို: ရေ	မို: ရေ	ချောင်းရေ	ချောင်းရေ	ဆည်ဝိရေ (ချဲ့လောက်)	ဆည်ဝိရေ (ချဲ့လောက်)
ရောဂါကျရောက်မှု (လူ)	အီဆိုဖို၊အွေးဝမ်း၊ ခေကာန်း	ဝမ်းလွှဲ၊ (ဒွန်းများ) ဝမ်း၊ယွက်ဝမ်းလွှဲ	လွှဲလွှဲ၊ (ဒွန်းများ) ဝမ်း၊ယွက်ဝမ်းလွှဲ	လွှဲလွှဲ၊ (ဒွန်းများ) ဝမ်း၊ယွက်ဝမ်းလွှဲ	လွှဲလွှဲ၊ (ဒွန်းများ) ဝမ်း၊ယွက်ဝမ်းလွှဲ	နှာခေါင်း/ချောင်းဆို၊ ဖျံခေး	နှာခေး ချောင်းဆို၊	နှာခေး ချောင်းဆို၊	နှာခေး ချောင်းဆို၊	ဖာစအား၊	ရာသီဖျား၊ ဖျံခေး၊ဖျားနာ	နှာခေး ချောင်းဆို၊
ရောဂါကျရောက်မှု (တိရစ္ဆာန်)	ထက်နာ ကြွက်နာ	ဖျားနာ ခွဲနာ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ဝက်နာ ကြွက်နာ	ဝက်နာ ကြွက်နာ
မိုးမှုန်းကျရောက်မှု	ခရုဖျက်ဖို	—	—	—	—	—	ဖလန်ကြွေ	ဖလန်ကြွေ	ဆစ်ပိုး	ဆဆီပိုး	—	—
ပဲ့ဝေတော်	သရက်နှံပဲ့ဝေတော်	ခွေတောရွေ ဖွံ့နှံ၊ပဲ့	စကြန်ပဲ့	ဝါဆိုသင်္ကန်းကပ်	ဒီးကွဲတော်ပဲ့ လောင်းဆွဲသဘင်ပဲ့	—	မီးထွန်းပဲ့	ကထိန်ပဲ့	ကရင်နှံပဲ့ သဘင်ကွဲ	ဆရာဆောင် ဖွဲ့ခေး၊	-	-
သဘာဝဘေး အန္တရာယ်	—	—	—	ရေကြီး၊ အာနုဘော်းပေါ်	ရေကြီး၊ အာနုဘော်းပေါ်	—	—	—	—	—	-	—
ထင်ရှား	များ	နှုတ်	နှုတ်	နှုတ်	နှုတ်	နှုတ်	များ	များ	များ	များ	များ	နှုတ်

ထောင်မှူးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်




ထောင်မှူးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်

ထောင်မှူးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	သတ်မှတ်စံညွှန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်တို့ဖြစ်သော အိမ်ထောင်စု	မွဲပြဲလှည့်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ရေမြေယာပိုင်ဆိုင်မှု	၁၂.၅ ကေအကထက်	၅ ကေမှ ၁၂.၅ ကေကျော်	၂.၅ ကေမှ ၅ ကေကျော်	၂.၅ ကေ ဒေသက်
အိမ်အခြေအနေ	ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး	ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုး	ထရံကာ၊ ဝါးခင်း၊ ဖက်မိုး	ထရံကာ၊ ဝါးခင်း၊ သွပ်မိုး
ကုန်ထုတ်လုပ်ငန်းဆိုင်ဆောင်မှု	ထွန်စက်	လက်တွန်းထွန်စက်	-	-
အဓိကစီးပွားရေးလုပ်ငန်း	လယ်	လယ်	ကျေးငှား	ကျေးငှား
အိမ်ထောင်စု	၆	၅	၆	၁၅

ထောင်မျူးကျေးရွာ (၅)နှစ်တာ အကောင်အထည်ဖော်မည့်လုပ်ငန်းစာရင်း ၊ သထုံမြို့နယ်



ထောင်မျူးကျေးရွာ ၅ နှစ်တာ အကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း

စဉ်	လုပ်ငန်းအမည်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း	✓				
၂	မဒဲ့ဂေါရုပ်ကွက်ကွန်ကရစ်ခင်းခြင်း		✓			
၃	ရွာတန်း ရေဆင်းလမ်း ကွန်ကရစ်ခင်းခြင်း			✓		
၄	စစ်မြေ့ရေဝင်နှင့်ဝက်ရေတွင်း				✓	
၅	ဆေးပေးခန်း					✓

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထောင်မျူးကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ ထောင်မျူးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရွှေဘော်ကုန်းရွာနှင့် ဆင်ကျုံးကျေးရွာတို့ရှိပြီး မြောက်ဘက်တွင် မြတ်စံကျေးရွာနှင့် အင်းနီကျေးရွာ၊ တောင်ဘက်တွင်တံတားဦးကျေးရွာနှင့် ဈေးမသွယ်ကျေးရွာတို့ရှိပါသည်။ ထောင်မျူးကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်ရှိသော ကျေးရွာအုပ်စုများမှာ အင်းဝိုင်း၊ လေးတိုင်နှင့် ဒူးရင်းဆိပ်ကျေးရွာအုပ်စုများဖြစ်ကြသည်။ ကျေးရွာတွင် ကရင်၊ ဗမာတိုင်းရင်းသားများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၆၀)ဧကနှင့် ဥယျာဉ်ခြံမြေ(၁၂)ဧကရှိပြီး စုစုပေါင်းမှာ (၁၇၂)ဧက ဖြစ်ပါသည်။ အိမ်ခြံမြေများတွင်လည်း တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိ/ဖအဖွဲ့(ကျား-၇ဦး)၊ ဂေါပကအဖွဲ့(ကျား-၇ဦး)တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ အပျိုခေါင်း၊ လူပျိုခေါင်းအဖွဲ့(ကျား-၂၀၊ မ-၃၀)ဦးတို့သည်ကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွ စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား-၇ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ၊ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးနှင့် စာသင်ကျောင်း၏လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့စုစည်းညီညွတ်စွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အတူတကွ စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော ပုဂ္ဂလိကပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ထောင်မျူးကျေးရွာတွင် (၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ(၅) အိမ်ထောင်စု

၊(၂.၅)ဧကမှ(၅)ဧကကြားတောင်သူငယ်(၆)အိမ်ထောင်စု၊(၅)ဧကမှ(၁၂.၅)ဧကကြား တောင်သူလတ်(၄)အိမ်ထောင်စု၊ (၁၂.၅)ဧကအထက်တောင်သူကြီး (၆)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ ရာဘာတို့ကို စိုက်ပျိုးကြပါသည်။ ကျေးရွာ၏အိမ်ထောင်စုများတွင် မြေယာမဲ့အိမ်ထောင်စုများသည် အနည်းငယ်သာရှိပြီး အများစုသည် နေ့စား၊ ကြံရာကျပန်းနှင့် ပြည်ပနိုင်ငံသို့သွားရောက်လုပ်ကိုင်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြပြီး နွေရာသီတွင် ချောင်းရေကို အသုံးပြုကြပါသည်။ ချောင်းရေကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သော်လည်း နွေရာသီတွင် ချောင်းရေ လုံလောက်မှုနည်းပါးပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၂)စီး၊ လက်တွန်းထွန်စက်(၄)စီး၊ ရေစုပ်စက်(၂၅)လုံး၊ ရိတ်သိမ်းခြွေ လှေ့စက်(၁)လုံး တို့ရှိကြပါသည်။ စက်ကိရိယာ မပိုင်ဆိုင်သောသူများမှာ ငှားရမ်းလုပ်ကိုင်ကြပြီး မလုံလောက်သောကြောင့် အချိန်မီပြီးစီးမှုတွင် အခက်အခဲများရှိနေပါသည်။

စပါးအထွက်နှုန်းမှာ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၅၀)တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေး နည်းပညာများလိုအပ်ခြင်းနှင့် ပိုးများကျရောက်သောကြောင့် စပါးများပျက်စီးဆုံးရှုံးရပါသည်။ ရာဘာစိုက်ပျိုးရေးမှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဈေးနှုန်းရရှိမှုနည်းသဖြင့် စီးပွားရေး တွက်ခြေကိုက်မှုနည်းပါးပါသည်။ မြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးမြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင်ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူရရှိနိုင်ပါသည်။

ပြည်ပနိုင်ငံများတွင်သွားရောက်လုပ်ကိုင်သည့်လူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးခြင်း အခက်အခဲများကို ကြုံတွေ့နေရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးများနှင့် ခရုအန္တရာယ်များအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာနည်းပါးသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများရရှိနိုင်မည်ဆိုပါက စိုက်ပျိုးရေးအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိလာနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၀) အိမ်ရှိပြီး နွားကောင်ရေ (၂၆) ကောင်၊ အိမ်ထောင်စု (၂၈) အိမ်မှ ဝက် (၅၅) ကောင်၊ အိမ်ထောင်စု (၃၄) အိမ်မှ ကြက် (၁၄၆) ကောင်၊ အိမ်ထောင်စု (၁၆) အိမ်မှ ဘဲ (၄၂) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေ ကြပါသည်။ မြစ်ချောင်းနှင့် နီးသောကြောင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ် ရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်ကြသူများမဟုတ်ကြပါ။

မွေးမြူရေးလုပ်ငန်းများမှာ တစ်ပိုင်တစ်နိုင်သာမွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့် နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကိုလည်း အလွယ်တကူရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ခြင်းဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အကူအညီအသင့်အတင့် ရရှိနိုင်ပါသည်။

တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစားနိုင်သည့် စားကျက်မြေများနည်းပါးပြီး မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ် ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများလိုအပ်နေပါသည်။

(၈) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ထောင်မှူးကျေးရွာတွင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များနှင့် ဆိုင်ကယ်ပြင်ဆိုင်များ စသည့်လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ ကျေးရွာမှထွက်ရှိသော ရာဘာပြားများကို ပွဲစားများနှင့်အခြားရွာများ၊ အသိမိတ်ဆွေများဖြင့် စျေးကွက်၊ စျေးနှုန်းများကို သိရှိပြီး ရောင်းဝယ်မှုများပြုလုပ်နေကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နေကြသော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်းနည်းပညာများနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် ပြည်ပနိုင်ငံတို့တွင် လုပ်ကိုင်သူဦးရေ များပြားသောကြောင့် လုပ်သားအင်အား ရှားပါးရခြင်းဖြစ်ပါသည်။ လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်

ရှိသော်လည်း ဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှုနှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများ အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးရေးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ဧကလျှင် (၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တစ်ကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာသယ်ယူပို့ဆောင်ရေးတွင် ကားမောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး(၇၅)စီး၊ မော်တော်ဆိုင်ကယ်(၈၂)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ထော်လာကျီ(၉)စီး၊ ကား(၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေပိုင်ဆိုင်သော အိမ်ထောင်စုများရှိသော်လည်း မိုးရာသီတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် လယ်ထဲသို့ အဆင်းအတက်ပြုလုပ်ရာတွင်သာ အသုံးပြုကြပါသည်။

ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းအမျိုးအစားဖြစ်ပြီး (ကြာပန်း-ညောင်ချောင်း)ခရိုင်ချင်းဆက်ကတ္တရာလမ်းမပေါ်တွင် ရှိပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းပေါ်သို့ရေကျော်ပြီး ဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရ အဆင်မပြေမှုများ ရှိပါသည်။ ကျေးရွာအဝင် တံတား(၂)စင်းမှာလည်း ပြုပြင်တည်ဆောက်ရန် လိုအပ်လျက် ရှိပါသည်။ မြို့နှင့်နီးသောကြောင့် သယ်ယူပို့ဆောင်ရေး ပြုလုပ်ရာတွင် အဆင်ပြေမှု ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးကို အသုံးပြုကြပါသည်။ မဟာဓာတ်အားလိုင်းကိုအသုံးပြုသောအိမ်ထောင်စုမှာ (၆၁)အိမ်နှင့်အခြားဆိုလာစနစ် ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်းရှိပြီး လျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သော အိမ်ထောင်စု (၁၀)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထောင်မျူးကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို သိရှိနိုင်ရန် ဖုန်း(၁၁၃)လုံး၊ ရေဒီယို(၂)လုံး၊ တီဗွီ(၄၈)လုံးနှင့် ဂြိုလ်ထုစလောင်း(၄၉)လုံး ရှိသောကြောင့် ဆက်သွယ်ရေးအတွက် အခက်အခဲမရှိသည်ကို တွေ့ရှိရပါသည်။

၆။ ပညာရေး

ကျေးရွာ၏မူလတန်းပညာရေးကို ကျေးရွာရှိ မူလတန်းကျောင်းတွင် ပညာသင်ယူကြပြီး အလယ်တန်းအဆင့်များကို စျေးမသွယ်ကျေးရွာတွင် ဆက်လက်သင်ယူကြပြီး အထက်တန်းအဆင့်ကို ကျေးရွာနှင့်နီးစပ်သော ကြာပန်းနှင့် သထုံ(BC)ကျောင်းတွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်အဆင့်ပညာသင်ယူနေသည့် ကျောင်းသား/သူများလည်း အနည်းငယ်ရှိပါသည်။ ကျေးရွာပိုင်မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ဆောင်သာရှိပြီး မိမိတို့ကျေးရွာမှ ကျောင်းသား/သူမျာသာ တက်ရောက်သင်ကြားကြသောကြောင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုရှိပါသည်။ ကျောင်းသုံးအိမ်သာများလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ဆရာ/မများ လုံလောက်မှုရှိပြီး ကျောင်းထွက်နှုန်းများမရှိပါ။

ကျေးရွာတွင် စာမတက်သော လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၆၇.၉)% အထိများပြားပြီး အလယ်တန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၈.၃)%၊ အထက်တန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၄.၀၃)%၊ တက္ကသိုလ်အဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၁.၇)% ရှိပါသည်။ ယခုအချိန်တွင် မိဘများသည် ပညာရေးကို စိတ်ပါဝင်စားမှု တိုးတက်လာသဖြင့် ကျေးရွာတွင် စာတက်မြောက်သူများရှိလာပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အကျိုးပြုမှုများစွာရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ထောင်မျူးကျေးရွာတွင် ငှက်ဖျားရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသည် မိုးရာသီတွင် အဖြစ်များပြီး ကျေးရွာအတွင်းတွင် ကျန်းမာရေးဌာနခွဲမရှိသောကြောင့် ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသော စျေးမသွယ်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသကြရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်သော အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက (၈) မိုင်ခန့်ဝေးသော သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသသောကြောင်း လေ့လာတွေ့ရှိ ရှိရပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာရှိ ကလေးသူငယ်များအား ဝက်သက်နှင့် ပိုလီယိုရောဂါ ကာကွယ်ဆေး များကို လာရောက်ထိုးနှံပေးပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းဖြင့်သာ အဓိကအသုံးပြုကြပါသည်။ နွေရာသီတွင် ရေတွင်းများ၌ ရေများခမ်းသဖြင့် သောက်သုံးရေ အခက်အခဲရှိသဖြင့် စင်မြင့်ရေစင် လိုအပ်နေပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာကို အသုံးပြုသော အိမ်ထောင်စုမှာ(၇၇) လုံးခန့်ရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာကို အသုံးပြုသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ထောင်မှူးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိပါ။ လက်လုပ်လက်စား၊ ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားမှု လွယ်ကူကြပါသည်။ လယ်သမားများအတွက် စပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ၏ ဖျက်စီးခြင်းကို အနည်းငယ်ခံစားရပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာလျှာနာရောဂါများနှင့် ကြက်ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ထောင်မှူးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ကျေးရွာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုအပေါ်တွင် ကာကွယ်ရမည့်နည်းလမ်းများ၊ တရားဥပဒေများ၊ အသိပညာများအားနည်းမှုရှိသည်ကို တွေ့ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ထောင်မှူးကျေးရွာအုပ်စု			ကျေးရွာအမည် – ထောင်မှူးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာလယ်လမ်း(၄၁၈'x၁၂'xဖ'') ကွန်ကရစ်ခင်းခြင်း။	ဦးစားပေး-၁
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ပဒဲကောလမ်း(၂၂၅၀'x၁၂'xဖ'') ကွန်ကရစ်ခင်းခြင်း။	ဦးစားပေး-၂
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတန်းရှည်လမ်း(၂၂၀၀'x၁၂'xဖ'') ကွန်ကရစ်ခင်းခြင်း။	ဦးစားပေး-၃
၄	အခြေခံအဆောက်အဦ	သောက်သုံးရေ	စင်မြင့်ရေစင်နှင့် စက်ရေတွင်း	ဦးစားပေး၄
၅	ကျန်းမာရေး	ဆေးခန်း	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း။	ဦးစားပေး၅

ထောင်မှူးကျေးရွာ၊ ထောင်မှူးအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဘအေး	ဦးစံရွှေ	၁၀/သထန (နိုင်) ၂၀၉၈၂၉	၆၀	ဥက္ကဋ္ဌ	၀၉-၇၇၄၁၃၉၈၃၆
၂	ဦးချစ်ထွေး	ဦးထွန်းညွှန့်	၁၀/သထန (နိုင်)၁၃၂၅၆၉	၄၇	အတွင်းရေးမှူး	၀၉-၉၅၂၂၅၆၄၅၀
၃	ဒေါ်မူမူစန်း	ဦးမောင်သာ	၁၀/သထန (နိုင်) ၁၈၃၀၃၃	၃၁	ဘဏ္ဍာရေးမှူး	၀၉-၇၇၅၈၂၇၁၀၄
၄	ဒေါ်မယ်သူဇော	ဦးမောင်ဝင်း	၁၀/သထန (နိုင်)၂၇၉၀၇၇	၁၈	စာရင်းကိုင်	၀၉-၆၈၀၃၂၀၈၀၅
၅	ဦးဖိုးကလူး	ဦးနော်ဇော	၁၀/သထန (နိုင်)၁၃၂၅၆၇	၇၀	သော့ကိုင်(၁)	
၆	ဦးမောင်သာ	ဦးအောင်စိန်	၁၀/သထန (နိုင်) ၂၈၇၄၇၂	၅၄	သော့ကိုင်(၂)	၀၉-၆၆၄၃၀၆၃၆၃
၇	ဒေါ်သဲဦးကဗျာ	ဦးမောင်ထ		၁၈	အဖွဲ့ဝင်	၀၉-၆၄၈၆၄၆၄၅
	ဝယ်ယူရေးကော်မတီ					
၁	ဦးမောင်သာ				ဥက္ကဋ္ဌ	
၂	ဦးစံရီ	ဦးတူးရင်			ဘဏ္ဍာရေးမှူး	၀၉-၇၉၂၀၄၇၃၉၁
၃	ဦးဖိုးကလူး				စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	၅	၇	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၃	၁၅	၂၈	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၃၁	၄၆	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၈	၂၃	၅၁	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၈	၂၀၆	၃၉၄	-	၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉	၁၀	၁၉	-	-
စုစုပေါင်း		**၂၅၅**	**၂၉၀**	**၅၄၅**	**-**	**၁**
စုစုပေါင်း အိမ်ထောင်စု		**၉၇**				

ရင်းမြစ်...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊** (၃) **ဆယ်အိမ်စုဆွေးနွေးပွဲ။**

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာတွင် အိမ်ထောင်စု (၉၇) စု၊အိမ်ခြေ(၉၀)အိမ်၊ လူဦးရေ(၅၄၅) ဦးရှိပါသည်။ ထောင်မှူးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၇)ဦး၊ ၅ နှစ်အောက်ကလေးငယ်(၂၈)ဦး၊ မူလတန်းကျောင်းသားအရွယ်(၄၆)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၅၁)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်(၃၉၄)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၁၉)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၇.၇၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၈၈) ဦး၊ မ (၂၀၆) ဦး စုစုပေါင်း (၃၉၄) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၂.၃%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မသန်စွမ်းသူ အမျိုးသမီး(၁)ဦးရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၃	၁၆		၁၅	၁	၁၀	မြင့် □ လတ် ✓ နိမ့် □
	အလုပ်သမား/ဝန်ထမ်း	၄	၆		၄	၂	၂	မြင့် □ လတ် □ နိမ့် □
၂	တိရိစ္ဆာန်မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								

၅	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□နိမ့် □
၈	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်✓ နိမ့် □
၉	ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁		၁			မြင့်□လတ်□နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)							
	ကိုယ်ပိုင်	၁					၁	မြင့်□လတ်□

	လုပ်ငန်း							နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် ✓ နိမ့် □
၁၁	လက်လီ၊လက်ကားရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၃	၄		၂	၂	၁	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် ✓ နိမ့် □
၁၂	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၃	ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် ✓ နိမ့် □
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ် □ နိမ့် □

	အလုပ်သမား/ဝန်ထမ်း							မြင့်□လတ်□ နိမ့် □
၁၆	ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁		၁	-		မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း						-	မြင့်□ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့် □
	အလုပ်သမား/ဝန်ထမ်း							မြင့်□ လတ်✓ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့်□လတ်□ နိမ့်□
	အလုပ်သမား/ကျပ	၅၇	၉၆		၇၇	၁၉	၃၇	မြင့်□ လတ်✓

	နိမ့် □							နိမ့်/ရာသီ အလိုက် အလုပ်သ မား
၂၁	ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ							
	မြင့် □လတ် □ နိမ့် □							ကိုယ်ပိုင် လုပ်ငန်း
	မြင့် □ လတ်✓ နိမ့် □							အလုပ်သ မား/ဝန် ထမ်း
	☒	၅၀	၁၂၄		၁၀၀	၂၄	၅၁	စုစုပေါင်း

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာတွင် လယ်နှင့် ရာဘာကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စုများပြားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါသည်။ ရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် ပြင်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်သူ များပြားသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၈၀၀၀	၆၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	၃၀၀၀	-	၂၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ ÷ ၂၂.၇၅**)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ × ၈**)

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာ၏ လုပ်ငန်းများတွင် ကျား/မ ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်အားစိုက်ထုတ်မှုအပေါ်မူတည်ပြီးကျား/မဝင်ငွေကွာခြားရခြင်းဖြစ်ပါသည်။ ပြင်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိရကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	**၁၅၈**	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၁၂**	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	**-**	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၇၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာ၏ လယ်မြေ(၁၅၈)ဧကရှိပြီး၊ ဥယျာဉ်ခြံမြေ (၁၂)ဧကနှင့် မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်	များ ☐ သင့်☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်)	နည်း ☐ မရှိ ✓	အသုံးမပြုနိုင်ပါ ✓	အပြောင်းအလဲမရှိပါ ✓
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ်☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓
သစ်တော-ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ထောင်မျှားကျေးရွာတွင် ကျောက်စရစ်များကို ကျေးရွာ၏ အနီးတွင် ဝယ်ယူ၍မရသော်လည်း ကရင်ပြည်နယ်၊ မြိုင်ကလေးတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပြီး ကျောက်ကို ရင်းငြိမ်ကျေးရွာတွင် ဝယ်ယူရရှိပြီးသဲကို ဘီးလင်းနှင့် မြိုင်ကလေးတို့မှ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၂.၅)ဧက အထက်	(၅ မှ ၁၂.၅) ဧကကြား	(၂.၅ မှ ၅) ဧကကြား	(၂.၅) ဧက အောက်
အိမ်အခြေအနေ	အုတ်ကာ၊နှစ်ထပ်ပျဉ်ထောင် ပျဉ်ခင်း၊သွပ်မိုး	ထရံကာ၊သွပ်မိုး၊ ပျဉ်ထောင်/ခင်း	ထရံကာ၊သွပ်မိုး၊ ဝါးခင်း	ထရံကာ၊သွပ်မိုး၊ ဝါးခင်း
ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်	လက်တွန်း ထွန်စက်	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်	လယ်	ကြံ့ရာကျပန်း၊ ထိုင်း	ကြံ့ရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	၄၀	၂၇	၂၀	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာတွင် အလွန်အဆင်ပြေသောအိမ်ထောင်စုမှာ (၄၀)စုရှိပြီး လယ်ဧက(၁၂.၅)ဧကအထက်ပိုင်ဆိုင်မှုရှိပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၇)စုရှိပြီး လယ်ဧက(၅)ဧကမှ (၁၂.၅)ဧကကြားပိုင်ဆိုင်ပါသည်။ မပြေလည်သောအိမ်ထောင်စုမှာ (၂၀)ဦးရှိပြီး လယ်ဧက(၂.၅)ဧကမှ (၅)ဧကကြားနှင့် မပြေလည်သောအိမ်ထောင်စုမှာ(၁၀)ဦးရှိပြီး လယ်ဧက(၂.၅)ဧကအောက် ပိုင်ဆိုင်ကြပါသည်။ ရွာတွင်းရှိ ရွာသူ/သားများသည် လယ်လုပ်ငန်း၊ ကြံ့ရာကျပန်းလုပ်ကိုင်နှင့် နိုင်ငံခြားသို့သွားရောက်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……..

……..

……..

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်			

အကြောင်းအရာ	ကျား	မ	ပေါင်း
ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထောင်မှူးကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓					✓
၂	လျှပ်တပြတ်ရေကြီးခြင်း		✓				✓
၃	မုန်တိုင်းဒီရေ	✓					✓
၄	ဆူနာမီ	✓					✓
၅	တိုင်ဖုန်းမုန်တိုင်း	✓					✓
၆	လေဆင်နာမောင်း	✓					✓
၇	ငလျင်	✓					✓
၈	အပူလှိုင်း		✓			✓	
၉	စိုက်ပျိုးမြေများတွင်ရေငန်ဝင်	✓					✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့် အစီအမံများ)		
	ရောက်မှု						
၁၀	အအေးလှိုင်း	✓					✓
၁၁	မိုးသီးကြွေကျမှု	✓					✓
၁၂	မိုးခေါင်ခြင်း	✓					✓
၁၃	တောမီးလောင်ခြင်း	✓					✓
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					✓
၁၅	ကန်းရိုးတန်းတိုက်စားမှု	✓					✓
၁၆	မြေပြိုခြင်း	✓					✓
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓					✓
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ ရေ)		✓			✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓					✓
၂၀	သစ်တောပြုန်းတီးခြင်း	✓					✓
၂၁	ငှက်ဖျားရောဂါ	✓					✓
၂၂	တီဘီရောဂါ	✓					✓
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ		✓			✓	
၂၄	ကပ်ရောဂါ	✓					✓
၂၅	ပြည်တွင်း ပဋိပက္ခ	✓					✓
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း	✓					✓
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်	✓					✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထောင်မျူးကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ရာဘာကို

အဓိကထားလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးခြင်းအတွက် ချောင်းရေဖြင့် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအာကျဆင်းမှုရောဂါ၊ ကပ်ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကြက်၊ဝက်များတွင် ခွာနာ၊ လျှာနာစသည့် တိရိစ္ဆာန်ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ရွာသူ/သားများသည် စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပဋိပက္ခများနှင့် လူကုန်ကူးမှုများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓					✓
၃	ဆင်းရဲသားတောင်သူ	✓					✓
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	✓					✓
၅	ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ	✓					✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ တွင်နေထိုင်သူများ	✓					✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	✓					✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	✓					✓
၉	ငါးကန်ပိုင်ရှင်များ		✓				✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ		✓				✓
၁၁	လူနည်းစုလူမျိုးများ	✓					✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	✓					✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ		✓				✓
၁၄	ရွှေတွင်းလုပ်သားများ	✓					✓
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓					✓
၁၆	နေရပ်ပြန်အခြေချသူများ	✓					✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
၁၈	ကားမောင်းပြီး အသက်မွေးသူများ	✓					✓
		✓					✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထောင်မှူးကျေးရွာတွင် လက်လုပ်လက်စားကျပန်းများ နယ်စပ်ဒေသတွင် နေထိုင်သူများသည် သဘာဝဘေးအန္တရာယ် ထိခိုက်မှု အနည်းငယ်ရှိပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ကြောင့် လက်လုပ်လက်စားများ ရွှေ့ပြောင်းလုပ်သားများ သဘာဝဘေးအန္တရာယ် ထိခိုက်မှုအနည်းငယ်ရှိပါသည်။ ကားမောင်း၍အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်

	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ရပ်မိရပ်ဖအဖွဲ့အစည်း	၁□ ၂ □ ၃ ✓	၆	–	၆	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး ✓စိုက်ပျိုး မွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓လုံခြုံရေးနှင့်ကာကွယ်ရေး ✓	ကောင်း ✓ သင့် □ ညံ့ □
၂	ဂေါပကအဖွဲ့	၁□ ၂□ ၃✓	၇	-	၇	ပညာရေး □ ငွေကြေး□ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် □ ညံ့ □
၃	အိုးသူကြီးအဖွဲ့	၁□ ၂✓ ၃□	၆	-	၆	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် ✓ ညံ့ □
၄	လူပျိုခေါင်း၊အပျိုခေါင်းအဖွဲ့	၁□ ၂✓ ၃□	၈	၇	၁၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း ✓ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						✓	
၅	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂✓ ၃☐	၇	-	၇	ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
